# Highlights from DVB Debate's Significance of By-Elections Show

## April 8, 2017

## "How important are By-Elections?"

"တိုင်းရင်းသားပါတီတွေထောက်ခံမှ မည်သည့်ပြည်မ ပါတီမဆို အစိုးရဖွဲ့နိုင်ရမယ်ဆိုတဲ့ ၂၀၂၀ ကို မျှော်မှန်းတာ။ ၂၀၂၀ သည် တိုင်းရင်းသားများ ပါဝင်တဲ့ လွှတ်တော်ဖြစ်စေချင်ပါတယ်"

ဒေါက်တာ အေးမောင် - အနိုင်ရ ပြည်သူ့လွှတ်တော်အမတ်၊ အမ်းမဲဆန္ဒနယ်

---

"ပါတီရှုံးရခြင်းသည် ရှမ်းစာမတတ်လို့သာဖြစ်ပါတယ် ဆိုတာမျိုးကတော့ သိပ်မဟုတ်ပါဘူး. ရှမ်းတိုင်းရင်းသားတွေရဲ့ စိတ်နဲ့ နလုံးသားကို မဖမ်းဆုပ်တတ်လို့ပဲ ပြောချင်ပါတယ်"

စိုင်းလင်းမြတ် - ပြည်နယ်လွှတ်တော်အမတ်၊ မိုင်းရှူးမဲဆန္ဒနယ် အမှတ် ၁

---

"မဲဆန္ဒရှင်တွေရဲ့ မဲပေးနှုန်းကျဆင်းတာဟာ ဒီမိုကရေစီအရေးအတွက် စိုးရိမ်စရာပါ"

စိုင်းရဲကျော်စွာမြင့် - အမှုဆောင်ဒါရိုက်တာ၊ ယုံကြည်ရသောရွေးကောက်ပွဲများပေါ်ပေါက်ရေး ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့

---

"အမျိုးသားရေးလှိုင်းလုံးတခုကတော့ လာနေပြီ အဲတော့ စစ်မှန်တဲ့ ပြည်ထောင်စုဆီသွားမလားဆိုတဲ့ မေးခွန်းကို ရခိုင်ပြည်နယ် အမ်းမဲဆန္ဒနယ်ကနေ ခေါင်းလောင်းထိုး သတိပေးလိုက်ပြီ"

ဒေါက်တာ အေးမောင် - အနိုင်ရပြည်သူ့လွှတ်တော်အမတ်၊ အမ်းမဲဆန္ဒနယ်

---

"ကျနော်တို့မဲဆန္ဒနယ်မှာ အရင် ရွေးကောက်ပွဲတုန်းကလည်း မဲပေးသူက ၄၀ ရာနှုန်းလောက်ပဲရှိတယ် အခုလည်း ၃၈ ရာနှုန်းပေ့ါနော် ဒေသခံမဲဆန္ဒရှင်အတော်များများက ဒေသမှာမရှိကြတော့ဘူး နိုင်ငံရပ်ခြားထွက် အလုပ်လုပ်နေကြရတယ်"

ဦးအောင်ကြည်သိန်း - အနိုင်ရပြည်သူ့လွှတ်တော်အမတ်၊ ချောင်းဆုံမဲဆန္ဒနယ်

---

"အခု ကြားဖြတ်ရွေးကောက်ပွဲဟာ ၂၀၂၀ ရွေးကောက်ပွဲဆီ တလှမ်းချင်းလှမ်းမယ့် ၄ နှစ်တာ ခံစစ်ကြောင်းဖြစ်တယ်. ဒီကနေမှ ၂၀၂၀ ဆီ ဆက်ချီတက်မယ်"

ဒေါက်တာ အေးမောင် - အနိုင်ရပြည်သူ့လွှတ်တော်အမတ်၊ အမ်းမဲဆန္ဒနယ်

---